UNHCR The UN Refugee Agency | မြန်မာနိုင်ငံအရှေ့တောင်ပိုင်း

မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ရုံး

အကြောင်းအရာအနှစ်ချုပ် | ၂၀၂၃ခုနှစ် ဇူလိုင်လ

အကျဉ်းချုပ်

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ကိုလွှမ်းခြုံထားသည့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ UNHCR ၏ လုပ်ငန်းဆောင်ရွက်မှုကို ၂၀၀၄ ခုနှစ်တွင်စတင်ခဲ့ပြီးအဓိကအားဖြင့်နေရပ်ပြန်ခြင်းနှင့် နေရပ်စွန့်ခွာပြည်သူများနှင့်ဒုက္ခသည်များပြန်လည်ဝင်ဆန့်ပေါင်းစည်းပေးနိုင်ရေးအတွက် ပံ့ပိုးကူညီပေးနိုင်ရန် ဖြစ်သည်။

ယင်းဒေသသည် ပဋိပက္ခများ ဆက်တိုက်ဖြစ်ပွားရာ ဗဟိုချက်မဖြစ်ခဲ့ပြီး ၂၀၁၀ ခုနှစ် နောက်ပိုင်း အထိ အပြုသဘောဆောင်သောတိုးတက်မှုများကို မြင်တွေ့ခဲ့ရသလို ပြည်တွင်းနေရပ်စွန့်ခွာနေရသူများ(IDPs)နှင့် ထိုင်းနိုင်ငံမှဒုက္ခသည်များနေရပ်ပြန်လည်ဝင်ရောက်လာနိုင်သည့် အခြေအနေ ဖြစ်ပေါ်လာစေသည့် ၂၀၁၅ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များလည်းဆက်တိုက် ထွက်ပေါ်ခဲ့သည်။

၂၀၂၁ဖေဖော်ဝါရီလ၁ရက်နေ့၏ဖြစ်ရပ်များနှင့်နောက်ဆက်တွဲကိစ္စရပ်များအပြင် ပဋိပက္ခများ ပြင်းထန်လာခြင်းသည် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာစိန်ခေါ်မှုအသစ်များပေါ်ပေါက်လာ သကဲ့သို့ ရေရည်တည်တံ့သောနေရပ်ပြန်ခြင်းနှင့် ပြန်လည်ပေါင်းစည်းရေးကြိုးပမ်းမှုများအပေါ် ထိခိုက်စေသည့်အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေသည်။ အကြမ်းဖက် ပဋိပက္ခပြန်လည်ပေါ်ပေါက်လာခြင်းကြောင့် အရှေ့တောင်ပိုင်းတစ်ဝှမ်းတွင် လူပေါင်း ၇၅၄,၀၀၀ကျော်နေရပ်စွန့်ခွာနေထိုင်နေခဲ့ရပြီး၊ ၎င်းတို့အနက် ၄၇၁,၀၀၀ မှာ နေရပ်စွန့်ခွာနေထိုင်နေရဆဲဖြစ်သည်။

ဆိုးရွားလာနေသည့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများကြောင့်တိုးပွားလာသည့်အရေးပေါ်အခြေအနေတို့ပြန်ခြင်း၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာစောင့်ကြည့်လေ့လာခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းဆောင်ရွက်မှုလိုအပ်ချက်များကိုပြည့်မှီစေရန် UNHCR သည် အရှေ့တောင်ပိုင်းဒေသတွင် ၎င်း၏ လုပ်ငန်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

ကရင်ပြည်နယ် ဘားအံ၊ ကယားပြည်နယ် လွိုင်ကော်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးတို့တွင် လုပ်ငန်းများလုပ်ဆောင်လျက်ရှိသည့် UNHCRသည် ထိခိုက်ခံစားရသောလူမှုအသိုင်းအဝိုင်းများနှင့်ထိတွေ့ဆက်ဆံရန်၊ ယင်းတို့၏လိုအပ်ချက်များကိုသိမြင်နားလည်နိုင်ရန်၊ အဓိကကျသည့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ဖြန့်ဝေနိုင်ရန်၊ ရွှေ့ပြောင်းမှုဆိုင်ရာအလားအလာများလေ့လာသိရှိနိုင်ရန်နှင့် အကျိုးစပ်ဆိုင်သူများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတွေ့ဆုံဆွေးနွေးမှုများနှင့်တိုက်တွန်းစည်းရုံးခြင်းတို့ကိုလွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်ရန်အတွက်မိတ်ဖက်များနှင့်အတူပူးပေါင်း၍ လုပ်ဆောင်လျက်ရှိပါသည်။

UNHCR ကွင်းဆင်းရုံး
UNHCR ကွင်းဆင်းရုံး



ကယားပြည်နယ်တွင် နေရပ်စွန့်ခွာနေရသူပေါင်း **၉၈,၄၀၀**	ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရပ်စွန့်ခွာနေရသူပေါင်း* **၆၂,၅၀၀**
ကချင်ပြည်နယ်တွင်နေရပ်စွန့်ခွာနေရသူပေါင်း **၁၁၁,၂၀၀**	ပဲခူးတိုင်းဒေသကြီး(အရှေ့)တွင် နေရပ်စွန့်ခွာနေရသူပေါင်း **၉၈,၁၀၀**
မွန်ပြည်နယ်တွင်နေရပ်စွန့်ခွာနေရသူပေါင်း **၉၄,၆၀၀**	တနင်္သာရီတိုင်းဒေသကြီးတွင် နေရပ်စွန့်ခွာနေရသူပေါင်း **၆၆,၄၀၀**

*ကျေးသီး၊ လဲချားနှင့်မိုင်းကိုင်မှအပကျန်မြို့နယ်များအားလုံးပါဝင်သည်။
ကိန်းဂဏန်းအားလုံးသည် ၃ ဇူလိုင်လ ၂၀၂၃ ရက်နေ့အထိဖြစ်သည်။

UNHCR မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ရုံး
အမှတ်(၁၁)၊ (၁၁) လွှာ၊ ကန်သာယာ ရုံးတာဝါ၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၉၃၇၆၁၉၅ မှ ၉၈ ၊ ဖက်စ် - ၀၁ ၉၃၇၆၁၉၄ အီးမေးလ် - myaya@unhcr.org
@UNHCRMyanmar

အဓိကလုပ်ငန်းများ

ကာကွယ်စောင့်ရှောက်မှု

UNHCRသည်အရှေ့တောင်ပိုင်းဒေသရှိနေရပ်စွန့်ခွာသူများနှင့်နေရပ်ပြန်ဒုက္ခသည်များ၏ ရပိုင်ခွင့်များအတွက်တိုက်တွန်းနှိုးဆော်ပေးပြီး ယင်းတို့သည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးများဆိုင်ရာဥပဒေနှင့်အညီ အလေးထားမှုကို ရရှိနိုင်မည်ဖြစ်သည်။

ယင်းသို့လုပ်ဆောင်ရန်အတွက် UNHCRသည် လိုအပ်ချက်များကို ဖော်ထုတ်ရန် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာစောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်လေ့လာခြင်းတို့ကိုပုံမှန်ဆောင်ရွက်ပါသည်။ ဖော်ထုတ်ပြီးသည်နှင့်၊ UNHCR သည် အရင်းအမြစ်များကိုစုစည်းရန်နှင့် လိုအပ်ချက်များကိုကိုင်တွယ်ဖြေရှင်းရန်အတွက် အခြားအေဂျင်စီများ အချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းနှင့်အတူ ဒေသန္တရအဆင့် နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်များတွင် ပေါင်းစပ်ညှိနှိုင်းရေးယန္တရားအမျိုးမျိုးမှ တဆင့် မိတ်ဖက်များနှင့်အတူ လက်တွဲလုပ်ဆောင်ပါသည်။

ထိရောက်သော ဆောင်ရွက်ချက်များ လွယ်ကူချောမွေ့စွာ လုပ်ဆောင်နိုင်ရန် UNHCRသည် ဒေသတွင်းစွမ်းဆောင်ရည်များပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ မိတ်ဖက်အဖွဲ့များအတွက် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို မကြာခဏစီစဉ်ဆောင်ရွက်ပေးပါသည်။

UNHCR သည်နေရပ်စွန့်ခွာရသူများနှင့်ဒုက္ခသည်များရင်ဆိုင်နေရသော ဘေးအန္တရာယ်များကိုလျှော့ချရန်ရည်ရွယ်သည့် လုပ်ဆောင်ချက်များအတွက် တိုက်တွန်းနှိုးဆော်ချက်များလုပ်ဆောင်ရာတွင်လည်း မိတ်ဖက်များနှင့်အတူ လုပ်ဆောင်ပါသည်။ ယင်းတို့တွင် ဘေးကင်းရေးနှင့် လုံခြုံရေး၊ သက်သေခံအထောက်အထားစာရွက်စာတမ်းများ၊ အိမ်ရာ၊ မြေယာနှင့်ပိုင်ဆိုင်မှုအခွင့်အရေးများနှင့် အခြေခံဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို လက်လှမ်းမီမှုတို့ ပါဝင်သည်။

ပြန်လည်ပေါင်းစည်းရေးအထောက်အကူ

နေရပ်ပြန်များနှင့်ဒေသခံလူထုများသည် ရေရှည်တည်တံသည့် ပြန်လည်ပေါင်းစည်းမှု၏ အဓိကကျသော အခန်းကဏ္ဍတွင်ရှိပါသည်။ UNHCR သည် နေရပ်စွန့်ခွာနေရသူများနှင့် နေရပ်ပြန်ဒုက္ခသည်များ၏ ဘဝပြန်လည်ထူထောင်ရေးအတွက် ကူညီပံ့ပိုးပေးပါ သည်။

လူတစ်ဦးချင်းစီအနေဖြင့် မိမိတို့၏ရပိုင်ခွင့်များအား ပိုမိုသိရှိနားလည်လာစေရန် အသိပညာပေးလုပ်ငန်းများကိုလည်း စီစဉ်ဆောင်ရွက်ပေးပါသည်။ UNHCR သည် နိုင်ငံမဲ့ဖြစ်နိုင်ခြေကို ကာကွယ်တားဆီးရန်အတွက် သက်သေခံအထောက်အထား စာရွက်စာတမ်းများကို လက်လှမ်းမီစေရန်ပံ့ပိုးကူညီပေးပါသည်။

ရေရှည်တည်တံ့သည့်ဖြေရှင်းနည်းများကိုမြှင့်တင်ရန်အတွက် UNHCR သည် ဘဝတွက်တာကျွမ်းကျင်မှုသင်တန်းများပံ့ပိုးခြင်းနှင့် လူမှုအခြေခံအဆောက်အဦများတည်ဆောက်ခြင်းကဲ့သို့သော ရပ်ရွာအခြေပြု ကာကွယ်စောင့်ရှောက်မှုဆိုင်ရာအစီအစဉ်များကို အကောင်အထည်ဖော်ရန် မိတ်ဖက်အဖွဲ့များနှင့်အတူ လုပ်ဆောင်ပါသည်။ အဆိုပါ လုပ်ငန်းများသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကို မြှင့်တင်ပေးသကဲ့သို့ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ရေနှင့် သန့်ရှင်းရေးအစရှိသော အခြေခံဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်စေရန် ပံ့ပိုးပေးသည့်အပြင် နေရပ်စွန့်ခွာပြည်သူများနှင့် လက်ခံရပ်ရွာ လူထုတို့အတွက် အကျိုးရရှိစေပါသည်။

အရေးပေါ်ကယ်ဆယ်ရေး

UNHCRသည် နေရပ်စွန့်ခွာပြည်သူများအား ဘေးကင်းလုံခြုံစွာ၊ ဂုဏ်သိက္ခာရှိစွာနှင့် သင့်လျော်သော နေထိုင်မှုအခြေအနေများရရှိနိုင်ရန် ပံ့ပိုးကူညီပေးပါသည်။ ကျွန်ုပ်တို့အနေဖြင့် မိတ်ဖက်အဖွဲ့များနှင့် အတူပူးပေါင်း၍ အိမ်အမိုးသွပ်များကဲ့သို့သော နေအိမ်အမိုးအကာပစ္စည်းများနှင့်တကွ ခြင်ထောင်၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ရေပုံးပျော့များ၊ အဝတ်အစားပစ္စည်းများ၊ ဆပ်ပြာများ၊ ဖျာများ၊ စောင်များနှင့် ဆိုလာမီးအိမ်များပါဝင်သည့် အဓိကကယ်ဆယ်ရေးပစ္စည်းများအား ဖြန့်ဝေပေးပါသည်။ UNHCRသည် အကြမ်းဖက်မှုနှင့် လက်နက်ကိုင်ပဋိပက္ခများပိုမိုပြင်းထန်လာပါက နေရပ်စွန့်ခွာနေရသူများနှင့် လက်ခံလူမှုအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များများပြားလာနိုင်သည့် အခြေအနေကို ပြင်ဆင်ထားသည့် အနေဖြင့် အဆိုပါအရေးပေါ်ထောက်ပံ့ရေးပစ္စည်းများကို သိုလှောင်ရုံများတွင် ကြိုတင်ပြင်ဆင်ထားရှိပါသည်။ ထို့အပြင်၊ UNHCR နှင့် မိတ်ဖက်များ ဖော်ထုတ်ရွေးချယ်ထားသည့် မသန်စွမ်းသူများ၊ ဘေးအန္တရာယ်ကျရောက်နိုင်ချေရှိသည့် သက်ကြီးရွယ်အိုများနှင့် ပြင်းထန်သောကျန်းမာရေးအခြေအနေရှိသူများ အစရှိသည့် ထိခိုက်ခံစားလွယ်သောမိသားစုများအတွက်အရေးပေါ်ငွေသားအကူအညီကိုလဲ ထောက်ပံ့ပေးပါသည်။

ဒုက္ခသည်မှမိမိသဘောဆန္ဒအလျောက်နေရပ်ပြန်ခြင်း

၂၀၁၆ခုနှစ်မှ၂၀၂၀ခုနှစ်အတွင်းUNHCRသည် ပံ့ပိုးကူညီမှုဖြင့်မိမိတို့၏သဘောဆန္ဒအရ နေရပ် ပြန်ခြင်း (FVR)လုပ်ငန်းစဉ်ဖြင့် ထိုင်းနိုင်ငံမှဒုက္ခသည်များ မြန်မာနိုင်ငံသို့ မိမိတို့ သဘောဆန္ဒအရ နေရပ်ပြန်ပို့ရေးတွင်မြန်မာနှင့်ထိုင်းနိုင်ငံတို့ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၆ခုနှစ်မှ၂၀၁၉ခုနှစ်အကြား အစီအစဉ်လေးကြိမ်ဖြင့် အိမ်ထောင်စု၂၇၀စုမှ လူပေါင်း ၁,၀၃၉ဦး နေရပ်ပြန်ခြင်းအားဆောင်ရွက်ခဲ့ပါသည်။အဆိုပါပံ့ပိုးကူညီမှုဖြင့်မိမိတို့၏သဘောဆန္ဒအရနေရပ်ပြန်ခြင်းအစီအစဉ်အား ကိုဗစ်-၁၉နှင့်လက်ရှိလုံခြုံမှုအခြေအနေ များကြောင့် ၂၀၂၀ခုနှစ်မှစ၍ ခေတ္တ ရပ်ဆိုင်း ထားပါသည်။ UNHCR သည် လက်ရှိဖြစ်ပေါ် တိုးတက်မှုများနှင့်ပြန်လည်ရောက်ရှိလာသူများ၏လူမှုဘဝဖွံ့ဖြိုးရေး အခြေအနေများကို ဆက်လက်လေ့လာစောင့်ကြည့်နေပါသည်။

ညှိနှိုင်းဆောင်ရွက်ခြင်း

လူတိုင်း မိမိတို့လိုအပ်သောအကူအညီများကိုသေချာစွာရရှိစေရန်နှင့်ရေရှည်တွင်ဂုဏ်သိက္ခာရှိရှိဘေးကင်းလုံခြုံစွာဖြင့်ငြိမ်းချမ်းသာယာစွာ မိမိတို့ဘဝများကို ပြန်လည် တည်ဆောက်နိုင်ရန် အတွက် UNHCRသည်ကုလသမဂ္ဂ အေဂျင်စီများ၊NGOများနှင့် CSOများနှင့်အတူ တုံ့ပြန်ကူညီမှု များကို ညှိနှိုင်းဆောင်ရွက်ပေးပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းဖွဲ့စည်းပုံ အသစ်ကို UNOCHA မှ ၂၀၂၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်မည် ဖြစ်သည်။ ညှိနှိုင်း ဆောင်ရွက်မှုတွင် တက်ကြွသောအခန်းကဏ္ဍမှပါဝင်သောအားဖြင့် UNHCR သည် မိတ်ဖက်များ၏ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုများကိုအားပြုသည့် ဒေသအလိုက်၊ အားလုံးပါဝင်ပြီး ပူးပေါင်း ဆောင်ရွက်သည့် တုံ့ပြန်ဆောင်ရွက်မှုများကိုပံ့ပိုးကူညီပေးမည်ဖြစ်သည်။ ယင်း ဆောင်ရွက်ချက် သည် လုပ်ငန်းစဉ်များထပ်ဖန်တလဲဖြစ်ခြင်းကိုတားဆီးနိုင်ပြီး ပိုမိုထိရောက်သောရလဒ်များကို ဖြစ်ပေါ်စေသည်။

လက်ရှိတွင် UNHCR သည် လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းများအကြား ပေါင်းစပ်ညှိနှိုင်းမှုများကို မြှင့်တင်ရန်အတွက် UNDP နှင့် အရှေ့တောင်ပိုင်း Nexus လုပ်ငန်းစုအဖွဲ့ကို ပူးတွဲဦးဆောင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှုများနှင့်ပတ်သက်၍ UNHCR သည် အရှေ့-တောင်ပိုင်းဒေသရှိ အမိုးအကာအစားအစာမဟုတ်သောပစ္စည်းများ (CRI)/စခန်းညှိနှိုင်းရေးနှင့် စခန်းစီမံခန့်ခွဲမှု (CCCM)အစုအဖွဲ့နှင့်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာအစုအဖွဲ့တို့ကို ဦးဆောင်ပါ သည်။

ဒေသဆိုင်ရာအဆင့်တွင်UNHCRသည် အေဂျင်စီအချင်းချင်းညှိနှိုင်းဆောင်ရွက်ရေး (IAC)တွင် ကရင်နှင့်ကယားပြည်နယ်တို့၌ဦးဆောင်နေပြီး မွန်ပြည်နယ်တွင် UNDPမှဦးဆောင်လျက်ရှိသည်။ အေဂျင်စီအချင်းချင်းညှိနှိုင်းဆောင်ရွက်ရေး (IAC)သည် ဒေသတွင်းရှိ NGO များနှင့် CSO များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးစနစ်တွင် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်ခွင့်ပြုထားသည်။ ထို့အပြင် UNHCR သည် ပဲခူး(အရှေ့)၊ ကရင်၊ မွန် နှင့် တနင်္သာရီတို့ပါဝင်သည့် အရှေ့တောင်ပိုင်းကာကွယ်စောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းအစုအဖွဲ့ (SEPWG)ဟုခေါ်တွင်သည့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာကွန်ယက်တစ်ခုကိုဦးဆောင်နေပါသည်။ SEPWG သည် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်များကို အလေးထားဆောင်ရွက်နေသောNGOနှင့်CSOများပါဝင်သည့် ဖိုရမ်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံအတွက်အလှူရှင်များ

Australian Aid
Belgium partner in development
Canada
European Union Civil Protection and Humanitarian Aid
german humanitarian assistance DEUTSCHE HUMANITÄRE HILFE
Irish Aid Rialtas na hÉireann Government of Ireland
From the People of Japan
Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra
Swiss Agency for Development and Cooperation SDC
United Nations CERF

UNHCR၏လုပ်ငန်းများသည် လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း နှင့် လွတ်လပ်ခြင်းစသည့်အခြေခံမူများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုနှင့်နိုင်ငံရေးနှင့် သက်ဆိုင်ခြင်းမရှိသည့်ဆောင်ရွက်မှုများသာဖြစ်သည်။